# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ အဖွဲ့ဝင် ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား တွေ့ဆုံ

ရန်ကုန်-ဩဂုတ်(၂၀)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ အဖွဲ့ဝင် ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုအဆင့် လွှတ်တော်များအကြောင်း၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ် Video Clip များအား ဖွင့်လှစ်ပြသသည်။

ထိုနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ အဖွဲ့ဝင် ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ အဖွဲ့ဝင် ဦးငွေအောင်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများအပြီး နိုင်ငံရေးအခင်းအကျင်းသစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် အုပ်ချုပ်ရေး မဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထုပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးအတွက် ကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်း၊ ဒေသခံမဲဆန္ဒရှင် ပြည်သူလူထု၏ လိုအပ်ချက် များကို ထင်ဟပ်သည့် မေးခွန်းများ၊ အဆိုများကို လွှတ်တော်ကိုယ် စားလှယ်များက တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြဆွေးနွေး၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသော ဥပဒေများ ပြင်ဆင် ဖြည့်စွက်အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်စေလိုပါကြောင်း၊

ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး ဒေသ၏ အကျိုးကို ထိရောက်စွာဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမအားလှည့်လည် ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)